# အခန်း ၁၆

## ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ
အပိုင်း ၇ - အပိုင်း ၇ - ကဏ္ဍပေါင်းစုံနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ
စာမျက်နှာ ၂၄၄-၂၆၃


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# Session objectives

ကလေးသူငယ်များအပေါ်ကျူးလွန်သည့်CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု၏ ပုံသဏ္ဍာန်များ၊ အတိုင်းအတာများ နှင့် သက်ရောက်မှုများ အပြင် ၎င်းကလေးငယ်တို့၏တိကျသတ်မှတ်လိုအပ်ချက်များကိုရှင်းပြခြင်း

ကလေးသူငယ်သားကောင်များ၊ သက်သေများ တို့နှင့် အပြန်အလှန် ဆက်ဆံ လုပ်ကိုင်ရာတွင် သက်ဆိုင်သော ဥပဒေရေးရာ၊ ကျင့်ဝတ်ဆိုင်ရာ နှင့် လက်တွေ့လိုအပ်ချက်/ပြဌာန်းချက်များကို ဖေါ်ထုတ်ခြင်း

မတူခြားနားသည့်အသက်အရွယ်များ/ရင့်ကျက်မှုအဆင့်များရှိသည့် ကလေးသူငယ်များကို လူတွေ့မေးမြန်းရာတွင် အထောက်အကူဖြစ်စေသည့် နည်းပညာများကို လက်ခံအသိအမှတ်ပြုခြင်း


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# သတိပေးစာ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ , စာမျက်နှာ ၂၄၅
အခန်း ၇ - ထိခိုက်နစ်နာမှုများမဖြစ်ပေါ်စေခြင်း Do No Harm
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

- CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံစားခဲ့ရသည့် ကလေးငယ်များနှင့် အပြန်အလှန်ဆက်ဆံရေး သို့မဟုတ် အလုပ်လုပ်ပြီး သက်သေခံမှတ်တမ်းတင်ခြင်းသည် မြင့်မားသည့်အသိပညာ နှင့် ကျွမ်းကျင်မှု လိုအပ်ပြီး လက်ရှိကာလတွင် အလွန်ရှားပါးသည်။
- မည်သည့်အကြောင်းကြောင့်ဖြစ်စေ သင့်တွင် လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှု နှင့် အရင်းအမြစ်များမရှိဘဲ ကလေးသူငယ်သားကောင်များ/သက်သေများနှင့် ထိတွေ့ဆက်ဆံမလုပ်ရန်ဖြစ်သည်။

ကလေးသူငယ်များအပေါ်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုများကို သက်သေခံမှတ်တမ်းတင်ရန် ကလေးသူငယ် သားကောင်များ သို့မဟုတ် သက်သေများနှင့်အပြန်အလှန်ဆက်ဆံခြင်းသို့မဟုတ် ပါဝင်ပတ်သက်စေခြင်းမရှိဘဲ သင့်အနေနှင့် မည်သို့သက်သေခံမှတ်တမ်းတင်မည်နည်း?


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ပုံသဏ္ဌာန်များ နှင့် အတိုင်းအတာ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ , စာမျက်နှာ ၂၄၅-၂၄၇
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

- ဝန်းကျင်အားလုံးတွင် အဆင့်အတန်းမရွေး ကလေးသူငယ် ယောကျ်ားလေးများ နှင့် မိန်းကလေးများအကြား မေးရာပါ အင်အားမညီမျှမှုကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခုခံနိုင်စွမ်းမရှိပေ။
- ပဋိပက္ခ၊ ရွှေ့ပြောင်းနေရာချထားခံရခြင်း နှင့် မိသားစုပြိုကွဲခြင်း အပြင် လူမှုအစုအဖွဲ့၏ အကာအကွယ်ပေးမှုဆိုင်ရာ ဖွဲ့စည်းပုံများအရ ကလေးသူငယ်များကို ပိုမို အန္တရာယ် ကျစေနိုင်သည်။
- အချို့သော ပဋိပက္ခများတွင် ကလေးသူငယ်များသည် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု CARSV ၏ ၅၀-၇၀ % သော သားကောင်များဖြစ်နေကြသည်။
- အသက်အလိုက် သင့်လျော်သော တိုင်ကြားခြင်း နည်းလမ်း ယန္တယားများ မရှိခြင်း နှင့် အသက်ပိုင်းခြားအလိုက် ခွဲခြားမှတ်သားသည့် ဒေတာအချက်အလက်များမရှိခြင်းကြောင့် ကလေးသူငယ်များအပေါ်ကျူးလွန် သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခြေအနေရုပ်ပုံကားချပ် အပြည့်အစုံကိုရှင်းလင်းစွာမြင်နိုင်စွမ်းရှိရန် အကန့်အသတ်ရှိပြီး ယောကျ်ားလေးသားကောင်များအတွက် ကိန်းဂဏန်းအချက်အလက်များမှာ မရှိသလောက်ပင်ဖြစ်သည်။



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ပုံသဏ္ဍာန်များ နှင့် အတိုင်းအတာ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ , စာမျက်နှာ ၂၄၅-၂၄၇
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

- ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ အစောပိုင်းဆက်စပ်သက်ဆိုင်သည့်ဥပဒေအရ အများစုကို အသက်အပိုင်းအခြားအလိုက် အရွယ်ရောက်ရှိပြီးဟူ၍သတ်မှတ်ထားခြင်းမပြုခဲ့လျှင် ကလေးတဦးဆိုသည်မှာ အသက် ၁၈ နှစ်အောက် လူသားတဦးဖြစ်သည်။
- CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု၏ အရေးကြီးသော သားကောင်များတွင် ဆယ်ကျော်သက်မြီးကောင်ပေါက် မိန်းကလေးအများစု ပါဝင်နေစဉ်တွင် - ၎င်းတို့သည်သာ သားကောင်များမဟုတ်ဘဲ - ရင်ခွင်ပိုက်ကလေးငယ်များအပါအဝင် အသက်အရွယ်မရွေး ယောကျ်ားလေးများနှင့်မိန်းကလေးအားလုံး၊ CARSV ၏ သားကောင်များ ဖြစ်နိုင်ကောင်း ဖြစ်နိုင်သည်။



- ကလေးသူငယ်ထိမ်းမြားလက်ထပ်ခြင်း နှင့် ကလေးသူငယ်တပ်သားသစ်စုဆောင်းခြင်းတို့သည် ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူများအတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အန္တရာယ်ကိုကြိုတင်သတိပေးချက်များဖြစ်ပြီး - လက်နက်ကိုင်အုပ်စုများနှင့် ပတ်သက်နေသော မည်သည့်အဆင့်အတန်းတွင်မဆိုရှိသည့် ကလေးသူငယ်များသည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို မြင်တွေ့ဖူးသည်၊ ကြုံခဲ့ရဖူးသည် သို့မဟုတ် ကျူးလွန်ကောင်းပင် ကျူးလွန်ခဲ့မည်။

# မည်သူတို့သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကလေးသူငယ်သားကောင်များဖြစ်ကြသနည်း?

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ , စာမျက်နှာ ၂၄၅-၂၄၇
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

- CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုမှ အထူးခုခံနိုင်စွမ်းမရှိသောကလေးသူငယ်များမှာ

- ကလေးဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာကလေးများ
- ကလေးစစ်သားများ
- ကလေးဦးစီးသည့်အိမ်ထောင်စုဝင်များ
- အလုပ်လုပ်နေသည့်ကလေးသူငယ်များနှင့် မိဘမဲ့များ
- ငယ်ရွယ်သော/ကလေးသူငယ်မိခင်
- မှတ်ပုံတင်ခြင်းမရှိသော? ...



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မည်သူများသည် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်နိုင်ခြေရှိသည်နည်း?

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ , စာမျက်နှာ ၂၄၅-၂၄၇
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ပြစ်မှုကျူးလွန်နိုင်သူများတွင် ပါဝင်နိုင်သည်များမှာ

- လက်နက်ကိုင်တပ်ဖွဲ့/ အုပ်စုများ၏ တပ်ဖွဲ့ဝင်များ
- လူသားခြင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီပေးသူများ နှင့်အခြားအရပ်သားများ
- မိသားစုဝင်များ/ ခင်မင်ရင်းနှီးသူများ
- အခြားကလေးငယ်များ

မှတ်သားရန်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အတင်းအကြပ်ကျူးလွန်စေရန် စေခိုင်းခံရသူ ကလေးသူငယ်များ (ဥပမာ- ကလေးစစ်သား) များသည် **၎င်းတို့ကိုယ်တိုင်ပင်လျှင် သားကောင်များဖြစ်သည်**


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ကလေးများအပေါ် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု၏ သက်ရောက်မှုမှာ အဘယ်နည်း?

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ , စာမျက်နှာ ၂၄၇-၂၄၈
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း နှင့် အခန်း ၇ -ထိခိုက်နစ်နာမှုများမဖြစ်ပေါ်စေရန်
အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း၊ အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ် ဒဏ်ရာ
အခန်း ၁၇- အမျိုးသားများ နှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခြင်း

၎င်းတို့၏အသက်၊ ကိုယ်ခန္ဓာအရွယ်အစား နှင့် ဖွံ့ဖြိုးမှုအဆင့်တို့ကြောင့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံခဲ့ရသည့်ကလေးသူငယ်များတွင် လူကြီးများထက် ထင်ရှားသော သို့မဟုတ် ပိုမိုပြင်းထန်သည့်သက်ရောက်မှုကို ခံစားရနိုင်သည်။ ပါဝင်သည်များမှာ -

| ကိုယ်ခန္ဓာ | စိတ်ဓါတ်ရေးရာ | လူမှုရေး | လူမှု-စီးပွားနှင့် ဥပဒေဆိုင်ရာ |
|---|---|---|---|
| ပိုမိုပြင်းထန်သည့် ထိခိုက်ဒဏ်ရာများ | အပြစ်ရှိသကဲ့သို့ နှင့် စိတ်ရှုပ်ထွေးမှုခံစားရခြင်း | အမည်းစက်ထင်၊ အပြစ်တင်ခံရခြင်း၊ အပယ်ခံရခြင်း | ပညာရေးရယူနိုင်ရန် လမ်းစပျောက်ဆုံးခြင်း |
| လိင်ဆက်ဆံရာမှ ရောဂါကူးစက်ခံရနိုင်ခြေအန္တရာယ်ပိုမိုမြင့်မားခြင်း | နှိပ်စက်ညှဉ်းပန်းခြင်းကိုပုံမှန်ကဲ့သို့စွဲထင်ခြင်း | ဂုဏ်သိက္ခာကြောင့် သတ်ဖြတ်ခြင်း | အခွင့်အလမ်းများဆုံးရှုံးခြင်း/ဆင်းရဲမွဲတေမှု |
| သေဆုံးနိုင်ခြေအန္တရာယ် ပိုမိုမြင့်မားခြင်း | ပြင်းထန်စိတ်ဖိစီးမှုဒဏ်သင့်ရောဂါ/ သတ်သေရန်အတွေးများ | အခြားသူများအပေါ်ယုံကြည်မှုကင်းမဲ့ခြင်း | |

• *နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
• *© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# က- ဥပဒေဆိုင်ရာ နှင့် ကျင့်ထုံးဆိုင်ရာမူဘောင်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၄၉-၂၅၀
အခန်း ၄ - တဦးခြင်း မှုခင်းဆိုင်ရာ တာဝန် နှင့် အခန်း ၅ - နိုင်ငံတော်၏တာဝန်
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

- ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC) နှင့် အခြားအပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများတွင် ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းသည်မှာ နိုင်ငံများသည် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာအသုံးချ အမြတ်ထုတ်ခြင်း နှင့် အလွဲသုံးစား မတော်မတရားပြုခြင်း ပုံစံအားလုံးမှ ကာကွယ်ရန် ဖြစ်သည်။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကျူးလွန်သော "အလွန်စိုးရိမ်ဖွယ်ဖြစ်သော ချိုးဖောက်စော်ကားခြင်းများ" ၆ မျိုးတွင် တမျိုးအပါအဝင်ဖြစ်ပြီး ကုလသမဂ္ဂ၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခ အစီရင်ခံစာ UN SRSG တွင် စာရင်းသွင်းခံရခြင်းအဖြစ်သို့ ဦးတည်သွားနိုင်သည်။
- လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုင်ကြားခြင်း နည်းလမ်း (MRM) - တွင် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု နှင့် အခြား အလွန်စိုးရိမ်ဖွယ်ဖြစ်သော ချိုးဖောက်စော်ကားခြင်းများအပေါ် သင့်အတွက် အသုံးဝင်နိုင်မည့် သတင်းအချက်အလက်များကို စီစဉ်ဖော် ပြထားသည်။

# က- ဥပဒေဆိုင်ရာ နှင့် ကျင့်ထုံးဆိုင်ရာမှုဘောင်



- အခြားသော CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံရသည့် သားကောင်များနည်းတူ ကလေးသူငယ်များသည်လည်း တရားမျှတမှုကိုလက်လှမ်းမှီခြင်း နှင့် ပြန်လည်ကုစား ပေး လျှော်ခြင်း တို့ရရှိရန် အခွင့်အရေးရှိသည်။
- ဤအခွင့်အရေးများကို အသုံးချရန်အတွက် လိုအပ်ချက်များမှာ (၁) သင့်လျော်သော သက်သေခံမှတ်တမ်းတင်ခြင်းကို ဘာသာရပ်အထူးပြုကျွမ်းကျင်မှု နှင့် အတွေ့အကြုံရှိသော အတတ်ပညာရှင်များမှလုပ်ဆောင်ပြီး (၂) ကလေးသူငယ်အကျိုးပြု/ အသက်အရွယ်အလိုက် သင့်လျော်သော နည်းလမ်းများ အားဖြင့် ကလေးသူငယ်များကို အကာအကွယ်ပေးရန်လိုအပ်ချက်များကို လေ့လာချိန်ဆကာ ၎င်းတို့ကို ပါဝင်ပတ်သက်နိုင်မှုအခွင့်အရေးကို နောက်ထပ် ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရန်
- မကြာခဏဆိုသကဲ့သို့၊ ဤလိုအပ်ချက်များမှ ၁ ခု သို့မဟုတ် ၂ ခုလုံးသည် ပြည်တွင်းအဆင့်တွင် ပျောက်ဆုံးလျက်ရှိပြီး - အထူးသဖြင့် ကလေးသူငယ်များအတွက် တရားမျှတမှုငြင်းပယ်ခံကြရသည်။- ၎င်းတို့သည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံရသည့် သားကောင်များတွင် အများစုဖြစ်သော်ငြားလည်း


*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၅၁-၂၅၆ နှင့် အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ - ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး နှင့် သင်ရိုးအပိုင်း ၉ - အစီအစဉ် ရေးဆွဲခြင်း

- မကြာခဏဆိုသကဲ့သို့ပင် ဆီလျော်စွာ အတွေ့အကြုံရှိသည့် အထူးပြုလုပ်ကိုင်အသက်မွေးသူများပင်လျှင် ကလေးသူငယ်များကို လူတွေ့မေးမြန်းရန် ချီတုန်ချတုန်နှင့်တုန့်ဆိုင်းနေကြသည်မှာ - ၎င်းကလေးသူငယ်တို့ကို ထိခိုက်နာစေသွားစေမည်ကို ကြောက်ရွံ့ခြင်း နှင့် ကလေးသူငယ်များ ပေးမည့် သတင်းအချက်အလက်များ၏ မှန်ကန်တိကျမှုကို မေးခွန်းထုတ်ခြင်း တို့ဖြစ်သည်။
- ကလေးသူငယ်များသည် ယုံကြည်စိတ်ချရသည့် သက်သေများဖြစ်နိုင်ပြီး တရားမျှတမှုအတွက် တရားစွဲခြင်းများတွင် ပူးပေါင်းပါဝင်ခြင်းအားဖြင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းရယူစေနိုင်ပြီး- ၎င်းတို့အပေါ် သက်ရောက်မှုရှိသည့်အရေးကိစ္စရပ်အားလုံးအပေါ် ၎င်းတို့၏အမြင်များကို ထုတ်ဖော်ပြောဆိုနိုင်သည့် အခွင့်အရေးရှိသည်။

သင့်အနေဖြင့် အလိုအလျောက် လက်ခံယူဆရန် မသင့်သည်မှာ ကလေးသူငယ်တဦးကို လူတွေ့မေးမြန်းရန် လုံခြုံမှုမရှိ သို့မဟုတ် ဤသည်မှာ ကလေးအတွက် အကောင်းဆုံး လိုလားချက်ဖြစ်သည် - တို့ဖြစ်ပြီး သင့်အနေဖြင့် အမှုကိစ္စရပ်တခုခြင်းစီအလိုက် သင့်တော်သော အကဲဖြတ်ခြင်းကို ပြုလုပ်သင့်သည်။



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

ကလေးသူငယ်များကို လူတွေ့မေးမြန်းမှု ပြုရန် သို့မဟုတ် မပြုရန် စဉ်းစားချိန်တွင် သင့်အနေဖြင့် လေ့လာချိန်ဆသင့်သည်များမှာ -




*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*

# ခ။ ထိခိုက်နစ်နာမှုများမဖြစ်စေရန်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၅ - ၂၉ နှင့် အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ - ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ် ရေးဆွဲခြင်း
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ်ကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

| ကလေးသူငယ်များကို ချဉ်းကပ်ခြင်းမပြုမီ သင့်အနေဖြင့် စဉ်းစားသင့်သည်များ |
|---|
| ☐ သင့်အနေဖြင့်လူတွေ့မေးမြန်းခြင်း/ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများမှ လိင်အကြမ်းဖက်မှု ခံစားခဲ့ရသည့် ကလေးသူငယ်သားကောင်များနှင့် ထိရှလွယ်သည့်အလုပ်ကို **ကျွမ်းကျင်အတတ်ပညာရှင်အဖြစ်အလုပ်လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပြီးဖြစ်ပါသည်လား** နှင့် အထူးပြု အတတ်ပညာရှင် တဦးအနေနှင့် သက်ဆိုင်သည့် တာဝန်ခံမှုနှင့်ဆိုင်သော အတွေ့အကြုံ ရှိပြီးပါသည်လား? |
| ☐ သင့်အနေဖြင့် **ကြိုတင် သိရှိပြီးဖြစ်သော သဘောတူ/ခွင့်ပြုချက်**ကို အာမခံချက်ရှိစွာ သင့်လျော်သလို ရရှိရန် လုပ်ဆောင်နိုင်ပါမည်လား? |
| ☐ သင့်အနေဖြင့် **အန္တရာယ်များကို လျော့ပါးစေ**ပြီးနှင့် အရင်းအမြစ်အမြစ်များကို လက်လှမ်းမီကာ အကယ်၍ လူတွေ့မေးမြန်းခြင်းမှ ကလေးသူငယ်များအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုဖြစ်ပေါ်ခဲ့ပါက **ကူညီထောက်ပံ့ရန်** တတ်နိုင်ပါမည်လား? |
| ☐ သင်သည် သင့်လျော်သော**ညှိနှိုင်းဆောင်ရွက်မှု/ လွှဲပြောင်းပေးသည့်ဝန်ဆောင်မှုများ** သို့လက်လှမ်းမီမှုကို သေချာစေနိုင်ပါသည်လား? |

အကယ်၍ ဤမေးခွန်းများမှ သင်၏အဖြေတခုခုသည် "မဟုတ်ပါ" ဟုဆိုပါက၊ သင့်အနေဖြင့် သက်သေခံမှတ်တမ်းတင်ရန်အတွက် ကလေးသူငယ်များကို လူတွေ့မေးမြန်းရန်ရည်ရွယ်ခြင်း/ တနည်းအားဖြင့် ချဉ်းကပ်ခြင်း မပြုလုပ်သင့်ပါ။

# ခ။ ထိခိုက်နစ်နာမှုများမဖြစ်စေရန်- ကြိုတင်သိရှိ သဘောတူ/ခွင့်ပြုချက်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၃ - ၂၅၄ နှင့်
အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၉ - အစီအစဉ် ရေးဆွဲခြင်း
အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း နှင့် နောက်ဆက်တွဲ ၇ - လူတွေ့မေးမြန်းရာတွင် ဆောင်ရွက်ရန်စာရင်း

- ယေဘူယျအားဖြင့်၊ မိဘများ/အုပ်ထိမ်းသူများသည် ၎င်းတို့၏ ကလေးငယ် အသက် ၁၈ နှစ် မပြည့်မီ အချိန်အထိ လူတွေ့မေးမြန်းခြင်းခံရန်/ အကူအညီ ရယူရန် အတွက် သဘောတူခွင့်ပြုချက်ကို ပေးရန်တာဝန်ရှိသည်။ (သို့သော်လည်း သင်၏ လူတွေ့မေးမြန်းမှုတွင် ၎င်းမိဘများ/အုပ်ထိမ်းသူများ တို့၏ အခန်းကဏ္ဍ ကို သေသေချာချာ အကဲဖြတ် စဉ်းစားပြီး လုပ်ဆောင်ရန်ဖြစ်သည်။
- ဤသို့ဆိုသည့်မှာ၊ ပိုမိုအသက်ကြီးသော ဆယ်ကျော်သက်များ (၁၆ နှစ်အထက်) တို့အတွက် ၎င်းတို့၏ မိဘများကိုယ်စား သဘောတူညီချက် ပေးရန် တရားဥပဒေအရ ခွင့်ပြုကောင်းခွင့်ပြုထားမည်ဖြစ်သည်။
- ပို၍ငယ်ရွယ်သောကလေးငယ်များ (ကြိုတင်သဘောတူချက်ကို ပေးရန် အလွန်ငယ်ရွယ်သော်လည်း နားလည်ရန်/ သဘောတူရန် လုံလောက်သည့်အသက်အရွယ် ရောက်ရှိပြီးသူများအတွက်) ကလေးငယ်၏ "ကြိုတင်သိရှိသဘောတူခွင့်ပြုချက်informed assent "ကို (လူတွေ့မေးမြန်းခြင်းကို လိုလိုလားလားရှိမှုကြောင်း ဖော်ပြခဲ့သည်) မိဘများ/အုပ်ထိမ်းသူများ၏ သဘောတူချက် အပြင် ထပ်မံတောင်းခံရမည်။

## အဘယ်ကြောင့် ကြိုတင်သိရှိထားပြီးဖြစ်သော သဘောတူ/ခွင့်ပြုချက် ရယူရန်လိုအပ်သည်နည်း?

- ကြိုတင်သိရှိထားပြီးဖြစ်သော သဘောတူ/ခွင့်ပြုချက် ရယူခြင်းမှာ အဆိုပါ သားကောင်/သက်သေ ကလေးငယ်သည် ၎င်းကိုယ်တိုင်ကြုံဆုံခဲ့ရသည့်အတွေ့အကြုံအပေါ် အပြည့်အဝ ထိန်းချုပ်ထားနိုင်သည့်အင်အား/ထိန်းချုပ်နိုင်စွမ်းရှိပြီး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် လိုလိုလားလား ရှိသူတဦးဖြစ်ကြောင်း သေချာစေရန်ဖြစ်သည်။

- မည်သည့် အသက်အရွယ် နှင့် ရင့်ကျက်မှု တို့ရှိနေပါစေ၊ ကလေးသူငယ်၏ လိုလားချက်များကိုသာ ဦးစားပေးအဖြစ် မှတ်ယူသင့်ပြီး - ကလေးတဦးကို ၎င်းတို့သဘောတူခြင်းမရှိဘဲနှင့် လူတွေ့မေးမြန်းခြင်းမပြုရန်

- ကလေးတဦးကို ၎င်းတို့၏ သဘောတူညီမှုမရှိဘဲ လူတွေ့မေးမြန်းခြင်းသည် အဆိုပါကလေးငယ်၏အခွင့်အရေးများကိုချိုးဖောက်ခြင်းဖြစ်ပြီး အတင်းအကြပ်စေခိုင်းခြင်းအဖြစ် သဘောသက်ရောက်ကာ အချို့သော ဥပဒေကြောင်းအရ တရားစွဲဆိုမှုများတွင် သတင်းအချက်အလက်များကို တင်သွင်းခွင့်အပေါ် သက်ရောက်မှုရှိနိုင်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ခ။ ထိခိုက်နစ်နာမှုများမဖြစ်စေရန်- ကြိုတင်သိရှိ သဘောတူ/ခွင့်ပြုချက်

ရှင်းရှင်းလင်းလင်းရှိသည့် ဥပဒေများ သို့မဟုတ်
ကလေးသူငယ်တဦးအရွယ်ရောက်ခြင်းလိုအပ်ချက်/ပြဋ္ဌာန်းချက်များ မရှိသည့်အခါများတွင် အောက်ပါ
ယေဘုယျ စည်းမျဉ်းစည်းကမ်းများကို အသုံးပြုသည်။

| အသက်အုပ်စု | ကလေးငယ် | မိဘ/အုပ်ထိမ်းသူ | အစိုးပွါယ် |
|---|---|---|---|
| ၁၆ -၁၈ | ဒေသဆိုင်ရာဥပဒေများအရ ကြိုတင်သိရှိသဘောတူညီချက် | ကလေးငယ်၏ ခွင့်ပြုချက်ကိုတောင်းခံခြင်း သို့မဟုတ်အကယ်၍ လိုအပ်ပါက | စာဖြင့်ရေးသားထားသည့် သဘောတူညီချက် |
| ၁၂ - ၁၅ | ကြိုတင်သိရှိ ခွင့်ပြုချက် informed assent | ကြိုတင်သိရှိသဘောတူညီချက် (အခြေအနေများအရ သင့်လျော်မှု ရှိပါက) | စာဖြင့်ရေးသားထားသည့် သဘောတူညီချက် စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက် |
| အသက် ၁၂ နှစ် အောက် | ကြိုတင်သိရှိ ခွင့်ပြုချက် informed assent | ကြိုတင်သိရှိ သဘောတူညီချက် | နှုတ်အားဖြင့် ခွင့်ပြုခြင်း စာဖြင့်ရေးသားထားသည့် သဘောတူညီချက် |


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ခ။ ထိခိုက်နစ်နာမှုများမဖြစ်စေရန်- ကြိုတင်သိရှိ သဘောတူ/ခွင့်ပြုချက်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၃ - ၂၅၄ နှင့်
အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၉ - အစီအစဉ် ရေးဆွဲခြင်း
အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း နှင့် နောက်ဆက်တွဲ ၇ - လူတွေ့မေးမြန်းရာတွင် ဆောင်ရွက်ရန်စာရင်း

ကလေးသူငယ်များထံမှ ကြိုတင်သိရှိပြီး သဘောတူချက် သို့မဟုတ် ခွင့်ပြုချက်ရယူသည့်အချိန်တွင်

- သင်၏ စကား အသုံးအနှုန်းများကို ကလေးသူငယ်၏ အသက်အတိအကျ၊ လိုအပ်ချက်များ နှင့် အရွယ်ရောက်မှုအဆင့်အလိုက် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန်
- အမှတ်ရရန်မှာ ကလေးသူငယ်များသည် ၎င်းတို့၏မိဘ/အုပ်ထိန်းသူကို ၎င်းတို့ မည်သည်တို့ဖြစ်ခဲ့သနည်း သို့မဟုတ် မည်သည်တို့ဖြစ်ခဲ့သည်ကိုပင် နားမလည်၍ ပြောပြမထား သို့မဟုတ် မသိစေလိုခြင်း ရှိကောင်းရှိနိုင်သည်။
- ကလေးသူငယ်များအား ၎င်းတို့၏ အသက်အရွယ်ကို သတိထားဆင်ခြင်ပြီးနှင့် ခြိမ်းခြောက်သကဲ့သို့မဖြစ်စေဘဲ ပူးပေါင်းပါဝင်ခြင်း၏ အန္တရာယ်များ ကို အသိပေးရန်
- ကလေးသူငယ်များအား လူတွေ့မေးမြန်းခြင်းကို အချိန်မရွေးရပ်ဆိုင်းနိုင်ကြောင်း သို့မဟုတ် မေးခွန်းတခုကို ဖြေရန် ငြင်းဆိုနိုင်ကြောင်း စသည်တို့ပါဝင်သည့် ၎င်းတို့၏အခွင့်အရေးများကို ပြောပြရန်
- ကလေးငယ်ကို ၎င်းအဘယ်အကြောင်းအရာကို သဘောတူကြောင်းမေးပြီး ပြောပြစေရန်မှာ ၎င်းတို့အနေဖြင့် အမှန်တကယ်နားလည်၍ဖြစ်ကြောင်းကို သေချာစေရန်ဖြစ်သည်။

# ၁။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း - ခြိမ်းခြောက်မှု နှင့် အန္တရာယ် အကဲဖြတ်ခြင်းများ



CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကိုခံစားခဲ့ရသည့် ကလေးသူငယ်များအပေါ်ကျရောက်နိုင်သည့်အန္တရာယ်များကို အကဲဖြတ်ရာတွင် အောက်ပါအကြောင်းရင်းများကို အထူးသဖြင့် စဉ်းစားသုံးသပ်သင့်သည် -

အဆိုပါ**ကလေးငယ်တဦး၏ ကိုယ်ပိုင်ထူးခြားသောပင်ကိုယ်လက္ခဏာများ** (ဥပမာ- အသက်၊ ဖွံ့ဖြိုးမှုအဆင့်၊ အရွယ်ရောက်မှု၊ ပညာရေး၊ မသန်စွမ်းမှု၊ ကျား/မ၊ လူမျိုးစု၊ စသည်ဖြင့်

**လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ ဆက်စပ်နောက်ခံအကြောင်းအရာများ**
ဥပမာ မူလ ပြုစုစောင့်ရှောက်သူ၊ မိသားစုနှင့်ကလေးသူငယ်၏ဆက်ဆံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး အခြေအနေ၊ အိမ်တွင် သို့မဟုတ် ကျောင်းတွင် ခံစားရသည့် စိတ်ဒဏ်ရာအမည်းစက်၊ စသည်ဖြင့်

**သီးခြား အားနည်းချက်များ** ဥပမာ- နေထိုင်ရာနေရာ ရွှေ့ပြောင်းခံရခြင်း၊ လိင်ဆက်ဆံခံရမှုမှကူးစက်ရောဂါများ၊ မိဘတဦးဖြစ်ခြင်း သို့မဟုတ် အိမ်ထောင်ဦးစီး


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း- ညှိနှိုင်းဆောင်ရွက်ခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၂ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ - ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး အခန်း ၉ - အစီအစဉ် ရေးဆွဲခြင်း၊ အခန်း ၁၅ - စိတ် ဒဏ်ရာ
နှင့် အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ်ကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

- အခြား လျော့ပါးစေခြင်းအကြောင်းရင်းများကဲ့သို့ပင်၊ တူညီသော ညှိနှိုင်းဆောင်ရွက်ခြင်း အခြေခံသဘောတရားနိယာမများကို အသုံးပြု၍ ကလေးသူငယ်များနှင့် ဆက်ဆံလုပ်ကိုင်ရာတွင် - မှတ်သားထားရမည်မှာ အကယ်၍ သက်သေခံမှတ်တမ်းတင်သူများတွင် သင့်တော်သည့် ကျွမ်းကျင်မှု/ အတွေ့အကြုံမရှိပါဘဲလျက်နှင့် ချဉ်းကပ်ခဲ့ပါက ကလေးသူငယ်များထံ ထပ်မံ၍ နောက်ဆက်တွဲ စိတ်ဒဏ်ရခံစားရခြင်း အန္တရာယ်မြင့်မားစေသည်။
- အကယ်၍ သင့်လျော်မည်ဆိုလျှင်၊ လက်ရှိတည်ရှိနေသည့် ကလေးသူငယ်အထူးပြု အကာအကွယ်ပေးနည်းလမ်းများ၊ ယန္တယားများ (ဥပမာ - MRM၊ ကုလသမဂ္ဂ အကာအကွယ်ပေးရေးဆိုင်ရာ အစုအဝေးမှ ကလေးသူငယ်အကာအကွယ်ပေးရန် တာဝန်ယူထားသည့်နေရာဒေသ နှင့် ဥပဒေအရ မဖြစ်မနေတိုင်ကြားရန်/အစီရင်ခံရန် တာဝန် ဝတ္တရားပြဌာန်းထားသည့် နေရာဒေသများရှိ သက်ဆိုင်ရာ အာဏာပိုင်များ တို့နှင့် ညှိနှိုင်းဆောင်ရွက်မှုပြုရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း- လို့ဝှက်ထားရန်ဖြစ်သောကိစ္စ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၅ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန် Do No Harm၊
အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း

- CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် မည်သည့် သားကောင်/သက်သေ-အရွယ်ရောက်ပြီး သို့မဟုတ် ကလေးသူငယ် - အကြောင်း သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ မျှဝေခြင်း နှင့် သိမ်းဆည်းထိမ်းသိမ်းထားခြင်းကို လို့ဝှက်သည့် နည်းဟန်ဖြင့်ပြုလုပ်ရမည်။
- လူမှုဖူလုံရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ ကျောင်းဆရာ/ဆရာမများ၊ သို့မဟုတ် အခြားဝန်ဆောင်မှု ပံ့ပိုးပေးသူများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နှင့်/သို့မဟုတ် ကလေးသူငယ်သားကောင်အပေါ်ကျူးလွန်သော အခြားပြစ်မှုများကို တိုင်ကြားရန် ဥပဒေအရ တာဝန်ရှိကောင်းရှိမည်ဖြစ်ပြီး ၎င်းတို့သည် လူမှုဖူလုံရေးလုပ်ငန်းများ၊ ရဲတပ်ဖွဲ့ သို့မဟုတ် အခြား အာဏာပိုင်များနှင့် သိရှိထားရမည်။

င်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မှုခင်းများကို **တိုင်ကြားရန်ဝတ္တရားရှိသည်**ဆိုခဲ့လျှင် **မည်သူ့ထံ** ဖွင့်ဟထုတ်ဖော်ပြောဆိုရမည်ဆိုသည်ကို ရှာဖွေစိစစ်ထားရန်ဖြစ်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ခ။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း- လှို့ဝှက်ထားရန်ဖြစ်သောကိစ္စ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၅ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း

- လိုအပ်သည် နှင့်/သို့မဟုတ် သင့်လျော်သည် ဆိုခဲ့လျှင်၊ သတင်းအချက်အလက်များမျှဝေခြင်းကို နိုင်ငံတော်ဥပဒေများ နှင့် မူဝါဒများအရ လိုအပ်သည့်အတွက် သိရှိထားရန်လိုအပ်ခြင်း အခြေခံအကြောင်းကြောင့်သာဖြစ်စေရန်need-to-know basis (သို့သော် ကလေးသူငယ် နှင့်/သို့မဟုတ် မိဘ/အုပ်ထိမ်းသူ ထံမှ ခွင့်ပြုချက် ရရှိပြီးမှသာလျှင်)

- ကလေးသူငယ်များနှင့် အလုပ်လုပ်ရာတွင် လူတွေ့မေးမြန်းခြင်းမတိုင်မီ ၎င်းတို့ကို သင့်အနေဖြင့်ရှင်းပြထားရမည်မှာ လှို့ဝှက်ထားရန်ကိစ္စသည် ဥပဒေအရရပိုင်ခွင့် အဖြစ် သင့်အနေနှင့် အာမခံမှု ပြုနိုင်ခြင်းမရှိကြောင်း နှင့် မဖြစ်မနေတိုင်ကြားရန်လိုအပ်သည့် မည်သည့်လုပ်ငန်းစဉ် တစုံတရာ ကိုမဆို ရှင်းလင်းစွာ ပြောပြထားရမည်။

- လှို့ဝှက်ထားရန်ဖြစ်သောကိစ္စအပေါ်သို့ ဤကန့်သတ်ချက် ရှိစေကာမူ၊ သင့်အနေဖြင့် လက်တွေ့ကျသော ဆောင်ရွက်မှုများဖြင့် သတင်းအချက်အလက်များကို ကာကွယ်ပေးရန် စီစဉ်ထားနိုင်သည်။ (ဥပမာ- ဒေတာအချက်အလက်များကို ဖော်ထုတ်နိုင်ခြင်းအပေါ် အကန့်အသတ်ထားရှိခြင်း ၊ လွှဲပြောင်းပေးမှုပြုလုပ်ခြင်း၊ သော့ခတ်ထားနိုင်သည့် ဗီရို) စသည်ဖြင့် ရှင်းပြနိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# ခ။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း- လို့ဝှက်ထားရန်ဖြစ်သောကိစ္စ

သင့်အနေဖြင့် မည်သည့် ပြဿနာ ဥပဒေများသည် အကျုံးဝင်သည်ကို ရှာဖွေထားရန်လိုအပ်သည်၊ သို့သော်လည်း ယေဘုယျအားဖြင့် လို့ဝှက်ထားရန်ကိစ္စသည် ချိုးဖောက်နိုင်/ချိုးဖောက်ရန်လိုသည်ဟူ၍ ဖြစ်နိုင်သည်။

လိင်ပိုင်းဆိုင်ရာ **ထိပါးနှောင့်ယှက်မှု** အမှုကိစ္စတွင် ဥပဒေအရမဖြစ်မနေတိုင်ကြားရန် မည်သည့်လိုအပ်ချက်/ပြဿနာချက် များမဆို

ကလေးသူငယ်မှ **ကျန်းမာရေးကုသမှုကို ချက်ချင်း** လိုအပ်နေချိန်

ကလေးသူငယ်၏ **အသက်/ကျန်းမာရေးကို ခြိမ်းခြောက်မှု** ရှိနေချိန် (ဥပမာ - မိမိကိုယ်ကို သတ်သေခြင်း၊ မိမိကိုယ်ကို နာကျင်စေခြင်း၊ ကလေးသူငယ်အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်)

**အခြားသူတဦးကို ပြင်းထန်စွာ အန္တရာယ်ဖြစ်စေနိုင်သော** သို့မဟုတ် သေစေနိုင်သော အန္တရာယ် ရှိနေချိန်

ကလေးသူငယ် **နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် ပစ်ထားခြင်း** ကိုသံသယရှိပါက နှင့် ဤသည်မှာ **ကလေးသူငယ်အတွက် အကောင်းဆုံးအကျိုးအလို့ငှာ** ဖြစ်လျှင်




*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၂၀*

# ခ။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း- မိတ်ဆက်လွှဲပြောင်းပေးခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၅
အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း နှင့် အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း

- CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များကို ချဉ်းကပ်ခြင်းမပြုမီ၊ အလားအလာရှိသည့် သင့်တော်သော တရားဝင် နှင့် အလွတ်သဘော ဝန်ဆောင်မှုများကို အထောက်အကူ နှင့် အကာအကွယ် ရယူနိုင်ရန် အသေးစိတ် စိစစ်ရှာဖွေထားပြီး သင့်လျော်သော ညှိနှိုင်းမှုများပြုလုပ်ထားရမည်။
- အသက်အုပ်စုများ၊ ကျား/မ နှင့် ယဉ်ကျေးမှု/လူမျိုးစုအုပ်စုများ မတူညီသည့် ကလေးသူငယ်များ၏ လိုအပ်ချက်များကို သင့်လျော်သကဲ့သို့ ကိုင်တွယ်နိုင်ရန်အတွက် မည်သည်များကို ရယူအသုံးပြုနိုင်သည်နည်း နှင့် မည်သည်များကို စတင်စီစဉ်ထားရမည်ကို စဉ်းစားသုံးသပ်ရန်
- သင့်တော်သည့်ဝန်ဆောင်မှုများတွင် ပါဝင်နိုင်သည်များမှာ ရပ်ရွာ ကွန်မြူနတီ အခြေပြု ကလေးသူငယ်အကာအကွယ်ပေးစနစ်များ (ဥပမာ - ကလေးသူငယ်အကာအကွယ်ပေးရေးကော်မီတီ၊ ကလေးသူငယ်ဦးဆောင်သည့်အုပ်စုများ) နှင့် ကလေးသူငယ်များအတွက် အခြားဝန်ဆောင်မှုများဖြစ်သည့် ကလေးသူငယ်/ဆယ်ကျော်သက်များအချင်းချင်းကူညီထောက်ပံ့ရန် တည်ထောင်ထားသော သဟာယ အဖွဲ့ နေရာများ


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ။ ထိခိုက်နစ်နာမှု လျော့ပါးနိုင်စေခြင်း- မိတ်ဆက်လွှဲပြောင်းပေးခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၅
အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း နှင့် အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း

- ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံအလုပ်လုပ်ရာတွင် အလွတ်သဘော ဖွဲ့စည်းတည်ထောင်ထားသော မိသားစု နှင့် လူမှုအစုအဖွဲ့ အထောက်အကူပေး စနစ်များကို အမြဲတစေ စဉ်းစားထားသင့်သည်။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံစားခဲ့ရသည့် ကလေးသူငယ်သားကောင်များတွင် ချက်ချင်းလက်ငင်း နှင့် ရေရှည်လိုအပ်ချက်များ ရှိနိုင်ပြီး ပါဝင်နိုင်သည်များမှာ -

**ကိုယ်ခန္ဓာ**
အရေးပေါ်နှင့်
ရေရှည်ကျန်းမာရေးကုသ
မှု

**စိတ်ပိုင်းဆိုင်ရာ**
PTSD
ပြင်းထန်စိတ်ဖိစီးမှုဒဏ်သင့်
ရောဂါ၊ယုံကြည်မှုကင်းမဲ့ခြင်း
ပြဿနာများ နှင့်
ခံစားချက်များကို
နားလည်ရန်ခက်ခဲခြင်း

**လူမှုရေး**
ကျောင်းအခင်းအကျင်းသို့ပြန်
လည်ပေါင်းစည်းနိုင်ရန်အ
ထောက်အကူပေးခြင်း/
အပြုသဘောဆောင်သည့်
ဆက်ဆံရေးများတည်
ဆောက်ခြင်း

**စောင့်ရှောက်ရေးအစီအစဉ်များ**
အကယ်၍
အိမ်တွင်းနှိပ်စက်ညှင်းပန်း
သည့် ပတ်ဝန်းကျင် သို့မဟုတ်
ကလေးသူငယ်အတွက်
အန္တရာယ်ရှိလျှင်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ။ ပူးပေါင်းပါဝင်ရန် အခွင့်အရေး

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၆ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း

- ကလေးသူငယ်များသည် ၎င်းတို့၏ဘဝအပေါ် ဂရက်ရိုက်ခတ်မှုများ သက်ရောက်မည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပူးပေါင်းပါဝင်နိုင်ရန် အခွင့်အရေးတရပ်ရှိသည် - ကလေးသူငယ်တဦး၏ ပူးပေါင်းပါဝင်ခြင်းအဆင့်သည် သူ/သူမ ၏ အရွယ်ရောက်ရင့်ကျက်မှု နှင့် အသက် အရ ဖြစ်သည်။
- ကလေးသူငယ်များသည် မည်ကဲ့သို့၊ မည်သည့်ကို နှင့် မည်သူနှင့် သတင်းအချက်အလက်များကို မျှဝေမည်ဆိုသည့်ကို ဆုံးဖြတ်ချက်ချမှတ်ရာတွင် လက်ရှိလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များနှင့်အညီ ပါဝင်ရန်ဖြစ်သည်။
- ကလေးသူငယ်တဦး၏ လိုအင်ဆန္ဒကို ဦးစားမပေးနိုင်သည့်အခါတွင်၊ အဆိုပါကလေးငယ်သို့ အကျိုးအကြောင်းများကို အမြဲတစေ ရှင်းပြရန်

ကလေးသူငယ်များ၏ အတွေးများ၊ စိတ်ကူးအကြံအစည်များ နှင့် အမြင်သဘောထားများ ကို နားထောင်ပြီး ၎င်းတို့ကို **ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်စေရန်ဖြစ်သည်**

# ခ။ ပူးပေါင်းပါဝင်ရန် အခွင့်အရေး

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၆ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း

- ကလေးသူငယ်သားကောင်တဦးကို လူတွေ့မေးမြန်းခြင်း ပြုရန် သို့မဟုတ် မပြုရန် ဆုံးဖြတ်ရာတွင် ကလေးငယ်၏ ဆန္ဒများကို စဉ်းစားရန် နှင့် ၎င်းဆန္ဒများသည် ပူးပေါင်းပါဝင်ခြင်းမှ ထိခိုက်နစ်နာရန် အလားအလာ ရှိမရှိကို ချင့်ချိန်ရန်ဖြစ်ပြီး - သင့်အနေဖြင့် နောက်ဆုံးကောက်ချက်ချသည်မှာ လူတွေ့မေးမြန်းခြင်းသည် ကလေးသူငယ်မှ ပူးပေါင်းပါဝင်လိုသည်ကြောင့်သာလျှင်ဖြစ်ကြောင်း နှင့် ၎င်းသည်မှာ ကလေးသူငယ်၏ အကောင်းဆုံးလိုလားဆန္ဒ ဟူ၍ဖြစ်သည်။

- အရွယ်ရောက်လူကြီးရှင်သန်ကျန်ရစ်သူများကဲ့သို့ပင် ကလေးသူငယ်များ၌ သက်သေခံမှတ်တမ်းပြုစုရာတွင် ပူးပေါင်းပါဝင်မည် သို့မဟုတ် မပါဝင် ဟူ၍ဆုံးဖြတ်ရန် အခွင့်အရေးရှိပြီး၊ အရွယ်ရောက်လူကြီးများကဲ့သို့ပင်၊ အချို့ကလေးများသည် ၎င်းတို့ကြုံတွေ့ခံစားခဲ့ရသည်များကို မျှဝေပေးသည့်အတွေ့အကြုံသည် အမှန်တရား၊ တရားမျှတမှု နှင့် ပြန်လည်ကုစား ပေး လျော်ခြင်းများ အတွက် စွမ်းရည် ခွန်အားရရှိသည်ဟု ခံစားရခြင်း။

- မှတ်တမ်းတင်သူများသည် ကလေးသူငယ်များနှင့် ဆက်ဆံအလုပ်လုပ်ကိုင်ရာတွင် ကလေးသူငယ်များ၏ အမြင်များနှင့် လိုအင်ဆန္ဒများ စသည့်အကြောင်းအရာများနှင့် အသေးစိတ်အချက်အလက်များ အပေါ်မူတည်၍ ကလေးသူငယ်များအပေါ် အမှန်တကယ် သို့မဟုတ် အလားအလာရှိသော ထိခိုက်နစ်နာခြင်းများ မရှိစေဘဲ အလုပ်လုပ်ကိုင်ရန် ခက်ခဲမည် သို့မဟုတ် မဖြစ်နိုင်ပေ ဟူ၍ဆုံးဖြတ်နိုင်မည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၈။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၇ - ၂၆၃ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း နှင့် အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

- နောက်ခံဆက်စပ်အခြေအနေများတွင် ဤကဲ့သို့သော စွပ်စွဲမှုများကို သင့်အနေဖြင့် မကြားခဲ့သော်လည်း၊ မိန်းကလေးများ နှင့် ယောကျာ်းလေးများသည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် သားကောင်များ ဖြစ်ကောင်းဖြစ်နိုင်ခြေရှိသည်။
- သင့်အနေနှင့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို သက်သေခံမှတ်တမ်းတင်သည့်လုပ်ငန်းစဉ်တခုအတွက် အစီအစဉ်ရေးဆွဲသည့်အဆင့်မှစ၍ ကလေးသူငယ်များကို လူတွေ့မေးမြန်းခြင်း ပြုရန် သို့မဟုတ် မပြုရန် - သင်၏ဆုံးဖြတ်ချက်သည် အောက်ပါ တို့အပေါ်တွင် အထူးမူတည်နေသည် -
-

| အန္တရာယ်အကဲဖြတ်ခြင်းကို စေ့စပ်သေချာစွာ ပြုလုပ်ခြင်း | လွှဲပြောင်းပေးသည့် လမ်းကြောင်းများကို ရေးဆွဲစီစဉ်ထားရှိခြင်း | ဆက်စပ်သက်ဆိုင်သော အတွေ့အကြုံရှိသည့် လူတွေ့မေးမြန်းသူများ ရရှိနိုင်မှု | အကယ်၍ သက်ဆိုင်လို့အပ်ပါက သက်ဆိုင်သည့် အတွေ့အကြုံရှိသော စကားပြန်များ ရရှိနိုင်မှု |
|---|---|---|---|


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၈။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၅၉ - ၂၆၃
အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၈ -ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး နှင့် အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း နှင့်
အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

သင့်အနေဖြင့် ကလေးသူငယ်များကို လူတွေ့မေးမြန်းရန်ဆုံးဖြတ်ပါက အောက်ပါ နောက်ထပ်ကိစ္စရပ်များကိုပါ အစီအစဉ်ရေးဆွဲသည့်အဆင့်တွင် ထည့်သွင်းစဉ်းစားသုံးသပ်ရမည် -

**သက်သေခံမှတ်တမ်းပြုစုသည့်အဖွဲ့**ကို စေ့စပ်သေချာစွာ ရွေးချယ်/လေ့ကျင့်ထားရမည် ၊

- စုံစမ်းစစ်ဆေးသူများ/စကားပြန်များ/ခွဲခြမ်းစိတ်ဖြာလေ့လာသူများ/စသည်တို့တွင် ကလေးသူငယ်သားကောင်များ နှင့် အလုပ်လုပ်ရန် လိုအပ်သည့် အတွေ့အကြုံ၊ ကျွမ်းကျင်မှု နှင့် စိတ်သဘောထား ရှိရမည်ဖြစ်ပြီး အဖွဲ့သည် ပြည့်စုံလုံလောက်စွာ အမျိုးမျိုးကွဲပြားသူများဖြင့်ဖွဲ့စည်းထားကြောင်း သေချာစေရန်

**သက်သေခံမှတ်တမ်းပြုစုရန် အစီအစဉ်ရေးဆွဲရာတွင်**ကလေးသူငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ထည့်သွင်းရန်

- အသုံးပြုနိုင်မည့် ဥပဒေ/ တိုင်ကြား သတင်းပို့ အစီရင်ခံရန်လိုအပ်ချက်/ပြဋ္ဌာန်းချက်များ နှင့် ပညာရပ် ဝေါဟာရများကို လေ့လာသုတေသနပြုပြီး၊ လို့ဝှက်ထားရန်ကိစ္စ၏ အကန့်အသတ်များကိုပါ သင်၏ အစီအစဉ်တွင် အကြောင်းအရာများအဖြစ်ထည့်သွင်းရန်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၇။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

သင့်အနေဖြင့် ကလေးသူငယ်များကို လူတွေ့မေးမြန်းရန်ဆုံးဖြတ်ပါက အောက်ပါ နောက်ထပ်ကိစ္စရပ်များကိုပါ **အစီအစဉ်ရေးဆွဲသည့်အဆင့်တွင် ထည့်သွင်း**စဉ်းစားသုံးသပ်ရမည် :

| | |
|---|---|
| လူတွေ့မေးမြန်းမှု၏ **ကြာမြင့်သည့်အချိန်**ကို ကန့်သတ်ထားရန် | • ကလေးသူငယ်၏ ရင့်ကျက်မှု ကို အကဲဖြတ်ရန် ကနဦး လူတွေ့မေးမြန်းမှုကိုပြုလုပ်ရန် စဉ်းစားပြီး / ယုံကြည်မှုတည်ဆောက်ကာ၊ အကယ်၍ သင့်လျော်ပါက လူတွေ့မေးမြန်းသူတဦးတည်းမှ ပိုမိုအသေးစိတ် နှင့် အတွင်းကျသည့် လူတွေ့မေးမြန်းမှုကို ပြုလုပ်ရန် |
| ကလေးသူငယ်သားကောင်တဦးနှင့် ထိတွေ့ဆက်ဆံသည့်**လူအရည်အတွက်**ကို ကန့်သတ်ထားရန် | • အဆိုပါကလေးငယ်ကို အခြား သက်သေခံမှတ်တမ်းပြုစုသူများ/သတင်းစာဆရာများ/ အခြားသူများ မှ လူတွေ့မေးမြန်းထားခြင်းရှိမရှိ ရှာဖွေစုံစမ်းပြီး နှင့် (ရှိခဲ့ပါက) ထပ်မံ၍ သက်သေခံမှတ်တမ်းပြုစုခြင်းကို ရှောင်ရှားရန် |
| **အရင်းအမြစ်များ နှင့် ကုန်ကျစရိတ်များ** | • မတူခြားနားသည့် သို့မဟုတ် နောက်ထပ် အရင်းအမြစ်များ (ဥပမာ- ကလေးသူငယ်နှင့် သင့်မြတ်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန်အတွက်) ကုန်ကျစရိတ်များ လိုအပ်မည်လားဆိုသည်ကို စဉ်းစားသုံးသပ်ရန် |



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ၈။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၆၀ - ၂၆၃ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း နှင့် အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း အခန်း ၁၅ - စိတ် ဒဏ်ရာ
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## ကလေးသူငယ်နှင့် သင့်မြတ်သည့် ပတ်ဝန်းကျင် အခြေအနေကို ဖန်တီးခြင်း

ကလေးသူငယ်ကို အတတ်နိုင်ဆုံး စိတ်ပြေလက်ပျောက်/သက်တောင့်သက်သာ ရှိစေရန် သင့်အနေဖြင့် -

သင့်လျော်သော **အရပ်ဝတ်များ**ကိုဝတ်ဆင်ရန်/ ရဲ/တပ်မတော်/ရုံးဝတ်စုံများ မဖြစ်ရ

ကလေးငယ်နှင့် **မျက်လုံးတတန်းတည်း**ထိုင်ရန်

နှင့် ဟန်ပန်အမူအရာ /ပြောစကားတို့သည် အာဏာပိုင်ပုံစံ သို့မဟုတ် ခြိမ်းခြောက်သကဲ့သို ဖြစ်ခြင်းမှ ရှောင်ကျဉ်ရန်

အကယ်၍ ကလေးငယ်သည် ကိုယ်ခန္ဓာ/သင်ယူခြင်း/ယိုယွင်းအားနည်းခြင်း တခုခု ရှိနေပါက **အထူးကု နှင့် ဦးစွာတိုင်ပင်ပြီး** ကလေးငယ်၏လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်မည့် လူတွေ့မေးမြန်းခြင်းကိုစီစဉ်လုပ်ဆောင်ရန်

**ရှုခင်း/ကိုယ်ခန္ဓာအစိတ်အပိုင်း ရုပ်ပုံများရေးဆွဲကာ** ကလေးငယ်ကို မည်သည်တို့ဖြစ်ပျက်ခဲ့သနည်းဆိုသည်ကို ရှင်းပြရာတွင် အထောက်အကူပြုနိုင်ရန် စဉ်းစားပါ

ကလေးငယ်ကို **ထောက်ကူပေးသူတဦး** ခေါ်ယူထားရန်ကမ်းလှမ်းပါ - အခန်းတခန်းတည်းအတူရှိမနေခြင်းသည် အကောင်းဆုံးဖြစ်သည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ၇။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

အကယ်၍ သင်သည် ကလေးသူငယ်သားကောင်များ/သက်သေများကို လူတွေ့မေးမြန်းရန် စီစဉ်နေပါက၊ သင့်တွင် အထူးသဖြင့် -

ကလေးသူငယ်များကို ချဉ်းကပ်/လူတွေ့မေးမြန်း/မိတ်ဆက်ထောက်ခံလွှဲပြောင်းပေးခြင်း ပြုလုပ်ပြီး ၎င်းတို့၏ အသေးစိတ် လိုအပ်ချက်များ/ လုပ်ကိုင်နိုင်စွမ်းများကို တုန့်ပြန်နိုင်ရန်အတွက် **သတ်မှတ်ထားသော သင်ယူလေ့ကျင့်မှု/ အတွေ့အကြုံ/ အရင်းအမြစ်များ** ရှိရန်လိုအပ်သည်။

ကလေးသူငယ်၏**အသက်အရွယ်နှင့် လိုက်လျောညီထွေဖြစ်သည့် လူတွေ့မေးမြန်းခြင်းကိုကျွမ်းကျင်မှု** - အသက်အရွယ်မတူခြားနားသောကလေးများအတွက် မတူခြားနားသည့် ကျွမ်းကျင်မှုလိုအပ်သည်

**ပြင်းထန်စိတ်ဒဏ်ရာ တဖန်ပြန်လည်ခံစားရခြင်း**မှ မည်သို့တားဆီးမည်ကို သိရှိခြင်း - ဥပမာ- ကခါလေးသူငယ်ကို ကိုယ်ခန္ဓာ ထိတွေ့ခံစားမှုများ/စိတ်လှုပ်လှားမှုများဖြစ်သော - ငိုယိုခြင်း၊ တဆတ်ဆတ်တုန်ခြင်း၊ လှုပ်ယမ်းခြင်း တို့ကို ခွင့်ပြုပေးခြင်း

ကလေးသူငယ်များ အသုံးပြုသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု/ ကိုယ်ခန္ဓာ အစိတ်အပိုင်းများအတွက် **စကားလုံးများ၏ အဓိပ္ပါယ်များ**ကို ရေးသားပြုစုထားရန်၊ ကလေးသူငယ်များနှင့် အလုပ်လုပ်ရန်အတွက်လေ့ကျင့်ထားပြီးဖြစ်သော **စကားပြန်** ကို သုံးရန်

**ဒေသ၏ ယဉ်ကျေးမှု** နှင့် **စိန်ခေါ်မှုများ** ကိုနားလည်ရန်ဖြစ်ပြီး မတူခြားနားသည့် အုပ်စုများမှ ကလေးငယ်များသည် (ဥပမာ - လက်နက်ကိုင်အုပ်စုများနှင့် ပတ်သက်သည့်ကလေးငယ်များကို ငြင်းပယ်ခြင်း) စသည်ဖြင့် ကြုံတွေ့နေနိုင်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# ၈။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၀ - ၂၆၃ အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊
အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

- ကလေးသူငယ်များကို လူတွေ့မေးမြန်းရာတွင် PEACE ပုံစံကို နမူနာယူပြီး လိုက်ပါလုပ်ဆောင်ရန် - အရွယ်ရောက်ပြီးသူများကို လူတွေ့မေးမြန်းရာတွင် အသုံးပြုသည့် အထွေထွေ နိယာမသဘောတရားများနှင့် အတူတူပင်ဖြစ်သည်။
- မည်သည်ခြားနားသနည်းဆိုသည်မှာ လူတွေ့မေးမြန်းမှု ပြုလုပ်သည့် နည်းဟန် ဖြစ်ပြီး၊ ထပ်တိုးကြိုတင်ကာကွယ်မှုများ နှင့် ကလေးသူငယ်များ၏ မှတ်ဉာဏ်၊ အကြောင်းအရာအပေါ်နားလည်သဘောပေါက်မှု နှင့် အကျိုးအကြောင်း သိမြင် စဉ်းစားတွေးခေါ်တတ်သော ဖွံ့ဖြိုးမှု အဆင့် တို့ကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။
- ကလေးသူငယ်များသည်မျိုးတူ တသားတည်းကျသည့် အုပ်စုတခု မဟုတ်ဘဲ - သင့်အနေဖြင့် ကလေးသူငယ်၏ အသက် နှင့် ရင့်ကျက်မှု အရ လိုက်လျောညီထွေဆက်ဆံရန် / ဆယ်ကျော်သက်များကို ကလေးငယ်များနှင့် ဆက်ဆံသကဲ့သို့ မပြုရန်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၈။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၁ - ၂၆၂
အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၇ - အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း နှင့် ရှင်းပြသည့်အဆင့်

| မိတ်ဆက်ခြင်း | အပြန်အလှန်ခင်မင်နားလည်မှု နှင့် ယုံကြည်မှုတည်ဆောက်ခြင်း |
| --- | --- |
| • သင်/အဖွဲ့ နှင့် မိတ်ဆက်ပေးပြီး ကလေးသူငယ်နားလည်နိုင်မည့် သင့်လျော်သည့်စကားလုံးများအသုံးပြု၍ လူတွေ့မေးမြန်းခြင်း၏ ရည်ရွယ်ချက် နှင့် လုပ်ငန်းစဉ်ကို ရှင်းပြရန်<br><br>• "**'ညွှန်ကြားချက်များ**" သို့မဟုတ် စည်းကမ်းများ - ဥပမာ ကလေးငယ်မှ အမှန်ကိုပြောပြရန်၊ အကယ်၍ သူတို့နားမလည်ပါက သို့မဟုတ် အဖြေကိုမသိပါက၊ နှင့် လူတွေ့မေးမြန်းသူ သူ/သူမ ၏ အမှားကိုပြင်ဆင်ပေးရန်<br><br>• **နမူနာများကို အသုံးပြုပြီး** ကလေးငယ်၏ ညွှန်ကြားချက်များအပေါ် နားလည်သဘောပေါက်မှုကို **စမ်းသပ်ရန်** | • **အပြန်အလှန်ခင်မင်နားလည်မှုတခုကို တည်ဆောက်**ရာတွင် အထူးသတိထားရန်နှင့် လိုအပ်သလို အချိန်ယူရန်<br><br>• ကလေးသူငယ်၏အသက်တာမှ **အပြုသဘောဆောင်သော ဝါသနာထုံရာအလုပ် သို့မဟုတ် အတွေ့အကြုံ**ကို အသုံးပြုပြီး အဖွင့်လမ်းကြောင်းပေး စေ့ဆော်ကာ လွတ်လပ်သည့် ဇာတ်ကြောင်းပြန် ဆွေးနွေးမှုတခုပြုလုပ်ပြီး **ကလေးသူငယ်၏ စကားလုံးအသုံးအနှုန်း** နှင့် သတင်းအချက်အလက်ကို ပေးအပ်နိုင်မည့် တတ်နိုင်စွမ်းရန် ကို **အကဲဖြတ် ရန်** |



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၈။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသည့် ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၁ - ၂၆၂
အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း နှင့် ရှင်းပြသည့်အဆင့်

| ဖြစ်စဉ်ပုံစံ မှတ်ဉာဏ်များ ပြန်လည်တွေးတောခြင်းကို လက်တွေ့လေ့ကျင့်မှုပြုလုပ်ရန် | တည်ရှိနေသောအရေးကြီးကိစ္စများ သို့အကူးအပြောင်းပြုလုပ်ခြင်း |
|---|---|
| • အပြန်အလှန်ခင်မင်နားလည်မှုတည်ဆောက်ခြင်း၏ အစိတ်အပိုင်းတခု/ နှင့် ထပ်မံဖြည့်စွက်ရန်မှာ ကလေးသူငယ် ယခင် ကြုံတွေ့ခဲ့သော **အပြုသဘောဆောင်သည့် အဖြစ်အပျက်** တခုကို ခွဲခြားဖေါ်ထုတ်ပြီး ဤဖြစ်ရပ်အကြောင်း **မေးခွန်းများမေးရန်**<br><br>• ဤသို့ပြုလုပ်ခြင်းသည် ငယ်ရွယ်သောကလေးငယ်များ နှင့် အလုပ်လုပ်ရာတွင် အထူးအသုံးဝင်ခြင်းမှာ သင်နောက်ပိုင်းလိုအပ်မည့် အခြားအတွေ့အကြုံများအကြောင်း ဆွေးနွေးချိန်တွင် ကလေးငယ်သည် **အသေးစိတ် လိုအပ်သည့် အဆင့်**ကို နားလည်သွားစေသည်အတွက်ဖြစ်သည်။ | • သင်သည် ဤဖြစ်ရပ်မှ သက်သေခံမှတ်တမ်းပြုစုလျက်ရှိသော **ခေါင်းစဉ်ကို အစပျိုး**နိုင်မည်ဖြစ်သည်<br><br>• ကြိုတင်စဉ်းစားထားရန်မှာခေါင်းစဉ်ကိုမည်သို့အစပျိုး<br>• မည်နည်းဆိုသည်နှင့် **ယေဘုယျ ဝေါဟာရများ ကိုအသုံးပြုပြီး စာစီရန်** ဥပမာ- လူမှုအစုအဖွဲ့အတွင်း “ဆိုးဝါး သည့်ဖြစ်ရပ်<br><br>• လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ စိုးရိမ်ဖွယ်ရာအသေးစိတ်များကို ရည်ညွှန်းခြင်းမပြုရန် |

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၀ - ၂၆၃
အခန်း ၇ - ထိခိုက်နစ်နာမှုများ မဖြစ်စေရန်၊ အခန်း ၁၁ - လူတွေ့မေးမြန်းခြင်း၊ အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၇ - အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## ဖြစ်စဉ် နှင့် ဖြစ်ပျက်ပုံ ရှင်းပြစေခြင်း အဆင့်

- ကလေးသူငယ်များ၏ စိတ်သောက ဖိစီးမှုများရသော ဖြစ်ရပ်များကို ဆွေးနွေးရန် စွမ်းရည် နှင့် အလုံးစုံကို အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုကို လျော့တွက်ခြင်းမပြုရန်နှင့် ၎င်းတို့၏ ကြောက်ရွံ့မှုများကို အလွန်အမင်း အသားပေးခြင်းမပြုရန်
- ကလေးသူငယ်နားလည်သည့် စကားများကို အသုံးပြုရန်၊ ဖြစ်နိုင်သမျှ ကလေးလက်တွေ့အသုံးပြုသည့် သရုပ်ဖော် စကားလုံးများ သက်သက်ကိုသာ သုံးရန်၊ (ဥပမာ - မုဒိန်းမှု/ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု မြောက်သည့် လုပ်ရပ် (ဟူ၍မသုံးနှုန်းဘဲ) နှင့် ရိုးရှင်းပြီး လွတ်လွတ်လပ်လပ်ရှိသော မေးခွန်းများကိုသာ အသုံးပြုရန်
- သင်၏မေးခွန်းများကို မည်ကဲ့သို့ စကားလုံးစီမည်ကို အထူးသတိပြုရန် - နှပ်ကြောင်းပေးသည့် ဦးဆောင်/အကြံပြုမေးခွန်းများကို ရှောင်လျားပြီး တဲ့တိုး ပွင့်လင်းသည့် အဖွင့်မေးခွန်းများကိုသာမေးရန်မှာ ကလေးသူငယ်များသည် အရွယ်ရောက်လူကြီးများထက် ပိုမိုပြီး လွှမ်းမိုးမှုခံရနိုင်သောကြောင့်ဖြစ်သည်။


နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# ၇။ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို ခံခဲ့ရသော ကလေးသူငယ်သားကောင်များ/ သက်သေများကိုလူတွေ့မေးမြန်းခြင်း

*အသက်အရွယ်အလိုက် ပြည့်စုံစေစပ်မှုမရှိသော ကိုယ်အမူအရာများ နှင့် ရောဂါလက္ခဏာများစာရင်းမှ ညွှန်ပြနိုင်သည်မှာ ကလေးငယ်တဦးသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏သားကောင် ဖြစ်နေသည် သို့မဟုတ် အခြားပြင်းထန်စိတ်ဒဏ်ရာ ရနေသည်ဟူ၍ဖြစ်သည်*

| အသက်အရွယ်အားလုံးတွင် တွေ့နေကျ | နို့စို့ကလေးငယ်များ နှင့် လမ်းလျှောက်တတ်ခါစကလေးငယ်များ (၀-၅) | ပိုမိုငယ်သည့် ကလေးငယ်များ (၆-၉) | ဆယ်ကျော်သက်များ (၁၀-၁၈) |
|---|---|---|---|
| • အိပ်မက်ဆိုးများ၊ အိပ်ပျော်ခြင်းကို အနှောင့်အယှက်ဖြစ်ခြင်း သို့မဟုတ် အချိန်တိုင်း အိပ်နေလိုခြင်း<br>• အစားအသောက်ပျက်<br>• ခြင်း<br>• ၎င်းတို့၏ အသက်အရွယ်နှင့်မလိုက်<br>• ဖက်စွာ လိင်မှုကိစ္စများ အပေါ် အသိ သို့မဟုတ် [illegible] | • တွယ်ကပ်နေခြင်း/စောင့်ရှောက်သူအပေါ်ထူးခြားစွာ ကပ်တွယ်နေခြင်း<br>• "လုံခြုံသည့်နေရာမှ" ထွက်သွားရန် ငြင်းဆန်နေခြင်း<br>• ဖွံ့ဖြိုးမှုနောက်ကျ/ဆုတ်ယုတ်ခြင်း (ဥပမာ - စကားပြောပျောက်ဆုံးခြင်း၊ အိပ်ယာထဲဆီးသွားခြင်း၊ ညစ်ပေတူးစွာ [illegible] | • တုန့်ပြန်မှုများမှာ အသက် (၀ - ၅) ကလေးငယ်များနှင့် ဆင်တူသည်<br>• သီးခြား လူပုဂ္ဂိုလ်များ၊ နေရာများ သို့မဟုတ် လှုပ်လျှားလုပ်ဆောင်မှုများကို ကြောက်ရွံ့နေခြင်း<br>• ကျောင်းသို့သွားရန် ငြင်းဆန်နေခြင်း<br>• ၎င်းတို့၏ မအားကို မကြာခဏ ထိခြင်း | • စိတ်ဓာတ်ကျခြင်း၊ စိတ်ခံစားမှု ထုံကျင်နေခြင်း၊ မိမိကိုယ်ကို သတ်သေရန်စိတ်ကူးများ<br>• ကျောင်းတွင်း စွမ်းဆောင်နိုင်မှုပြောင်းလဲခြင်း<br>• ဒေါသထွက်လွယ်ခြင်းပြသနာ၊ လူကြီးသူမ များကို မရိုမသေပြုခြင်း<br>• ကိုယ်ဝန်ရှိခြင်း၊ လိင်ဆက်ဆံခြင်းမှ ကူးစက်သည့်ရောဂါများ |